# 4 ယာဉ်လမ်းစည်းကမ်း

## 4-1 ဂျပန်နိုင်ငံ၏ ယာဉ်လမ်းစည်းကမ်း

ဂျပန်နိုင်ငံတွင် လမ်းလျှောက်သူ၊ မော်တော်ယာဉ်၊ ဆိုင်ကယ် အသီးသီး၏ ယာဉ်လမ်းစည်းမျဉ်းကို သတ်မှတ်ထားပါသည်။ ဂျပန်နိုင်ငံ၏ ယာဉ်လမ်းစည်းမျဉ်းကို မြန်မြန်မှန်မှန်မှတ်သား၍ ဘေးကင်းသောဘဝကို တည်ဆောက်ကြရအောင်။

### (1) အခြေခံယာဉ်လမ်းစည်းမျဉ်း

လမ်းလျှောက်သူသည် လူသွားပလက်ဖောင်းမရှိသောလမ်းတွင် လမ်း၏ညာဘက်အစွန်းမှ ကပ်လျှောက်ရမည်။ မော်တော်ယာဉ်နှင့် စက်ဘီးသည် ကားလမ်း၏ ဘယ်ဘက်မှ မောင်းနှင်ရမည်။

လမ်းလျှောက်သူနှင့် မော်တော်ယာဉ်၊ စက်ဘီးတို့တွင် လမ်းလျှောက်သူကို ဦးစားပေးရမည်။ ဤစည်းမျဉ်းများအား မလိုက်နာသောသူများလည်း ရှိနေသည့် အတွက် အထူးသတိကြီးစွာထားပါ။

မီးပွိုင့်နှင့် လမ်းသင်္ကေတကိုလည်း လိုက်နာရမည်။ ၎င်းစည်းမျဉ်းကို မလိုက်နာသောသူများ ရှိနေသည့်အတွက် အထူးသတိကြီးစွာထားပါ။

# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

● အဓိကလမ်းသင်္ကေတ

| | | | |
|---|---|---|---|
|  |  |  |  |
| **တခဏရပ်**<br>ယာဉ်၊ စက်ဘီးများသည် ခဏရပ်တန့်ပေးရမည်။ | **ဖြည်းဖြည်းမောင်း**<br>ယာဉ်များရပ်တန့်နိုင်ရန် အရှိန်လျှော့မောင်းနှင်ရမည်။ | **ယာဉ်မဝင်ရ**<br>ယာဉ်များရှေ့သို့ ဆက်သွား၍မရပါ။ | **ဖြတ်သန်းမသွားရ**<br>လမ်းလျှောက်သူနှင့်စက်ဘီး၊ ယာဉ်များ ဖြတ်သန်းမသွားရပါ။ |
|  |  |  |  |
| **ယာဉ်ဖြတ်သန်းမသွားရ**<br>ယာဉ်များဖြတ်သန်းသွား၍မရပါ။ | **တစ်လမ်းသွား**<br>ယာဉ်များသည် မြှားပြထားသောဘက်ဆီသို့သာလျှင်သွားရမည်။ | **ညွှန်ပြဘက်မှတပါးမသွားရ**<br>ယာဉ်များသည် မြှားပြထားသောဘက်ဆီသို့သာလျှင်သွားရမည်။ | **ဤအချိန်အတွင်းယာဉ်ရပ်တန့်၊ ရပ်နားခြင်းမပြုရ**<br>ယာဉ်များသည် ညွှန်ပြထားသောအချိန်အတွင်း ရပ်နားထားခြင်း၊ ရပ်တန့်ခြင်း မပြုရ။ |
|  |  |  |  |
| **ဤအချိန်အတွင်း ယာဉ်ရပ်နားခြင်းမပြုရ**<br>ယာဉ်များသည် ညွှန်ပြထားသောအချိန်အတွင်းရပ်နားထားခြင်း မပြုရပါ။ | **လမ်းလျှောက်သူဖြတ်မကူးရ**<br>လမ်းလျှောက်သူများသည် လမ်းဖြတ်ကူးခြင်းပြုလုပ်၍ မရပါ။ | **လမ်းလျှောက်သူနှင့်စက်ဘီးသာ**<br>လမ်းလျှောက်သူနှင့်စက်ဘီးသာလျှင်သွားနိုင်သည်။ | **လမ်းလျှောက်သူများသာ**<br>လမ်းလျှောက်သူများသာလျှင်သွားနိုင်သည်။ |

# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

## (2) လမ်းလျှောက်သူများ၏ အခြေခံစည်းမျဉ်း

လူသွားပလက်ဖောင်းရှိသော နေရာတွင် မပျက်မကွက် ပလက်ဖောင်း၌သာ လျှောက်ပါ။



လူသွားပလက်ဖောင်းမရှိသောနေရာတွင် လမ်း၏ ညာဘက်မှကပ်၍ လျှောက်ပါ။



အလျင်လိုသောအခါ၌လည်း မပျက်မကွက် မီးပွိုင့်ကို လိုက်နာပါ။






ရပ်နားထားသော၊ ရပ်တန့်နေသော ယာဉ်များကြားမှ လမ်းဖြတ်ကူးခြင်းကို မပြုလုပ်ရပါ။

မပျက်မကွက် လူကူးမျဉ်းကြား၊ လမ်းကူးတံတားမှ ဖြတ်ကူးပါ။ လူကူးမျဉ်းကြား၊ လမ်းကူးတံတား မရှိသောအခါ ဘယ်ညာသေချာစွာကြည့်၍ ယာဉ်မရှိတာသေချာမှသာ လမ်းဖြတ်ကူးပါ။



# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

## (3) စက်ဘီးစီးသူ၏ အခြေခံစည်းမျဉ်း



စက်ဘီးသည် ကားလမ်း၏ ဘယ်ဘက်အစွန်မှ ကပ်၍စီးပါ။



အခြားစက်ဘီးနှင့်ဘေးခြင်းယှဉ်၍ စီးခြင်း မပြုလုပ်ရ။



ယာဉ်နှင့်လမ်းလျှောက်သူများကို သတိကြီးစွာ ထားရမည်။



စက်ဘီးသွားနိုင်မည့် လမ်းသင်္ကေတရှိ လူသွားလမ်း ပလက်ဖောင်းတွင် စက်ဘီးစီးနိုင်သည်။



လူသွားပလက်ဖောင်းသည် လမ်းလျှောက်သူဦးစားပေး ဖြစ်သည်။ ပလက်ဖောင်းပေါ်တွင် အရှိန်ပြင်းစွာ စီးနှင်ခြင်း၊ ဘဲလ်တီး၍ လမ်းလျှောက်သူကို လမ်းဖယ်ခိုင်းခြင်း မပြုလုပ်ရ။ လမ်းလျှောက်သူကို အနှောက်အယှက်ဖြစ်စေမည့်နေရာတွင် ခဏရပ်တန့်ပေးရမည်။



ညအချိန်၌ မဖြစ်မနေ မီးဖွင့်စီးရမည်။




တခဏရပ်ဆိုသည့် လမ်းသင်္ကေတရှိသောနေရာ၌ မပျက်မကွက် ခဏရပ်တန့်ပေး၍ အန္တရာယ်ရှိမရှိ ဘယ်ညာကြည့်ပါ။



မီးပွိုင့်ထားရှိသော လမ်းဆုံလမ်းခွတွင် မီးပွိုင့်ကို မပျက်မကွက် လိုက်နာပြီး ဖြတ်သန်းပါ။ လူကူးမျဉ်းကြားနှင့် စက်ဘီးဖြတ်ကူးရန်တွဲလုပ်ထားပါက ထို စက်ဘီးဖြတ်ကူးရန်နေရာမှ ဖြတ်သန်းပါ။

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

### (4) မော်တော်ယာဉ်နှင့်ဆိုင်ကယ်၏ အခြေခံစည်းမျဉ်း

ယာဉ်မောင်းလိုင်စင်မရှိသောသူများနှင့်အရက်သေစာသောက်ထားသော သူများသည် မောင်းနှင်ခြင်း မပြုရပါ။ ၎င်းတို့သည် အလွန်အန္တရာယ်ကြီး သောကြောင့် ကြီးလေးသောပြစ်ဒဏ်ကျခံနိုင်သည်။





မော်တော်ယာဉ်စီးသည့်အခါ ယာဉ်မောင်းသူနှင့်အတူ စီးသူများသည် မပျက်မကွက် ထိုင်ခုံခါးပတ်ကို ပတ်ထားရပါမည်။ ၆နှစ်အောက် ကလေးငယ်များစီးသည့်အခါ မပျက်မကွက် ကလေးထိုင်ခုံခါးပတ် ကို အသုံးပြုရပါမည်။ ဆိုင်ကယ်စီးသောအခါ၌ မပျက်မကွက် ဆိုင်ကယ်ဦးထုပ်ကို ဆောင်းထားရပါ မည်။







ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရပါ။

မီးပွိုင့်၊ လမ်းသင်္ကေတ၊ လမ်းညွှန်အမှတ် အသားတို့ကို လိုက်နာရပါမည်။



တခဏရပ်သင်္ကေတရှိသော နေရာတွင် မဖြစ်မနေ ခဏရပ် တန့်၍ အန္တရာယ်ကင်းမကင်း ဘယ်ညာကြည့်ရပါမည်။




လူကူးမျဉ်းကြားတွင် ဖြတ်ကူး ရန်ပြင်နေသောလူရှိခဲ့ပါက မပျက်မကွက် ခဏ ရပ်တန့်ပေး၍ အရင် ပေးကူးရပါမည်။

### 5 ယာဉ်မ**ေ**

ယခုဒ



ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အို များ၏ မတော်တဆထိခိုက် ဒဏ်ရာရမှု များပြား နေပါသည်။ သက်ကြီးရွယ်အိုကို တွေ့မြင် ခဲ့လျှင် စာနာစိတ်ထားပြီး အ